# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၉ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်များ (လစာနှင့် စရိတ်ကြေးငွေများ) အက်ဥပဒေ။
## (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂။)
## ၁၃၁၀ ခု၊ တပေါင်းလဆုတ် ၁၅ ရက်။
## (၁၉၄၉ခု၊ မတ်လ ၂၈ရက်။)

[ ပြင်ဆင်: 13.03.1951 ]

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကိုထုတ်ပြန်ကျေညာသည်။

တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်များ၏လစာနှင့် စရိတ်ကြေးငွေများကို ဥပဒေဖြင့် သတ်မှတ်ရန် လိုအပ်သည်ဖြစ်သောကြောင့် ဤအက်ဥပဒေကိုပြဋ္ဌာန်းသည်။

အမည်။

၁။ ။ ဤအက်ဥပဒေကို **၁၉၄၉ ခုနှစ်၊ တိုင်းပြည်ပြု လွှတ်တော် (ပါလီမန်) အမတ်များ (လစာနှင့် စရိတ်ကြေးငွေများ) အက်ဥပဒေ**ဟုခေါ်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကား၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင် လျှင်-

(က) "ညီလာခံ"ဆိုသည်မှာ၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ၏ညီလာခံကိုဆိုလိုသည်။

(ခ) "အစည်းအဝေး" ဆိုသည်မှာ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ၏အစည်းအဝေး၊ ပါလီမန် လွှတ်တော် ရုံးအုပ်ချုပ်ရေး အဖွဲ့၏အစည်းအဝေး၊ ထို့အပြင် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်)၏ မည်သည့်အလုပ်ဝတ်တရားကိုမဆို ဆောင်ရွက်လုပ်ကိုင်ရန် ခန့်ထားသော ကော်မီတီနှင့် ဆပ်ကော်မီတီ များ၏ အစည်းအဝေးကိုဆိုလိုသည်။

(ဂ) "အမတ်" ဆိုသည်မှာ၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အမတ်ကို ဆိုလိုသည်။ သို့ရာတွင် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပါလီမန်အတွင်းဝန်များနှင့် ပြည်နယ်ဝန်ကြီးများ မပါချေ။

<ပြင်ဆင် 13.03.1951>

အမတ်များ၏လစာငွေနှင့် စရိတ်ကြေးငွေများ။

၃။ ။ အမတ်တဦးသည်-

(၁) တလလျှင် လစာငွေကျပ် ၃၀၀ ကျ၊

(၂) ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးဆက်လက်ကျင်းပစဉ်အတွင်း ထိုကျင်းပရာဒေသ၌ နေထိုင်သည့်အတွက်သော်၎င်း၊ ရပ်နားနေသည့်အတွက်သော်၎င်း၊ နေ့တွက်စရိတ် တရက်လျှင် ကျပ် ၂၀ ကျ၊

(၃) ကျင်းပရာဒေသ မဟုတ်သည့် အခြားဒေသမှ ညီလာခံကို၊ သို့တည်းမဟုတ် အစည်းအဝေးကို တက်ရောက်ရလျှင်၊ စတင်တက်ရောက်သည့်နေ့ မတိုင်မီ တရက်အတွက်နှင့် နောက်ဆုံးတက်ရောက်ပြီးသည့်နေ့ နောက်တရက်အတွက်ပါ ထည့်သွင်း၍ ရပ်နားစရိတ်တရက်လျှင် ကျပ် ၂၀ ကျ၊ တို့ကို ရယူခွင့်ရှိရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ကောင်စီများ၏ သဘာပတိများနှင့် ဒုတိယသဘာပတိများမှာ၊ ဤအက်ဥပဒေ၌ပြ ဋ္ဌာန်းထားသည့် လစာငွေနှင့် နေ့တွက်စရိတ်များကို ရယူခွင့်မရှိစေရ။ သို့သော်လည်း အဆိုပါပုဂ္ဂိုလ်တဦး ဦးမှာညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပရာဒေသ မဟုတ်သည့် အခြားဒေသတွင် နေထိုင် သူဖြစ်လျှင်၊ ဤအက်ဥပဒေအရ ပြဋ္ဌာန်းသည့် ရပ်နားစရိတ်များနှင့် ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ ရထိုက်သော ခရီးစရိတ်များကိုရယူခွင့်ရှိရမည်။

<ပြင်ဆင် 13.03.1951>

ခရီးစရိတ်။

၄။ ။ ပုဒ်မ ၃ တွင်ပြဋ္ဌာန်းထားသော လစာနှင့် စရိတ်ကြေးငွေများအပြင် ညီလာခံ၏၊ သို့တည်းမဟုတ် ကော်မီတီ၏၊ သို့တည်းမဟုတ် ဆပ်ကော်မီတီ၏၊ သို့တည်းမဟုတ် ပါလီမန်လွှတ်တော်ရုံးအုပ်ချုပ်ရေး အဖွဲ့၏၊ အစည်းအဝေးသို့ တက်ရောက်ရန်လာရသော ခရီးအတွက် ဤအက်ဥပဒေအရ ပြဋ္ဌာန်းသော နည်းဥပဒေများဖြင့် ကန့်သတ်သည့်နှုန်းအတိုင်း အမတ်တဦးသည် ခရီးစရိတ်ကို ရယူခွင့်ရှိရမည်။

ပင်စင်ကိုမထိခိုက်စေခြင်း။

၅။ ။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ခရီးစရိတ်ကို ထုတ်ယူသည့်အတွက် မည်သည့်အငြိမ်းစား အစိုးရအမှုထမ်း၏ ပင်စင်လစာငွေကိုမျှ မထိခိုက်စေရ။

လစာနှင့်စရိတ် ကြေးငွေများကို တနှစ်အတွင်းထုတ်ယူရန်။

၆။ ။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရယူပိုင်ခွင့်ရှိသော လစာငွေနှင့် စရိတ်ကြေးငွေများကို ထိုသို့ရယူပိုင်ခွင့်ရှိသော နေ့ရက်မှစ၍ တနှစ်အတွင်းတောင်းဆိုရမည်။ တနှစ်ကျော်လျှင်၊ လစာငွေ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေ တောင်းဆိုခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မပြုရ။

နည်းဥပဒေပြု အာဏာများ။

၇။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စေရန်၊ ပါလီမန် လွှတ်တော် ရုံးအုပ်ချုပ်ရေး အဖွဲ့သည် နည်းဥပဒေများကို ပြုနိုင်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ပါလီမန်လွှတ်တော်ရုံးအုပ်ချုပ်ရေး အဖွဲ့သည် အထူးအားဖြင့် အောက်ပါကိစ္စရပ်များ အားလုံးအတွက်ဖြစ်စေ၊ သို့တည်းမဟုတ် ကိစ္စ အရပ်တခုခုအတွက်ဖြစ်စေ၊ နည်းဥပဒေများကို ပြုနိုင်သည်။

(က) ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအရ၊ အမတ်များအားပေးရန် ခရီးစရိတ်နှုန်းနှင့် အဆိုပါ ခရီးစရိတ် များကို ထုတ်ယူရန် စည်းကမ်းချက်များ၊

(ခ) ခရီးလမ်း တခုထက်ပိုသော ခရီးလမ်းများရှိခဲ့လျှင်၊ ခရီးစရိတ်ကို တောင်းဆိုရမည့် ခရီးလမ်းများ၊

(ဂ) ရပ်နားစရိတ် တောင်းဆိုနိုင်သော ကာလအပိုင်း အခြားကိုတွက်စစ်ခြင်း၊

(ဃ) အမတ်များ နေထိုင်ရာ ဒေသသတ်မှတ်ခြင်း၊

(င) လစာငွေများနှင့် ရပ်နားစရိတ်များထုတ်ယူခြင်း၊ ခရီးစရိတ်စာရင်း များပြုလုပ်ခြင်း၊ ထောက်ခံလက်မှတ်ထိုးခြင်းနှင့် ငွေထုတ်ယူနည်း။

၁၉၃၈ခုနှစ်၊ အက်ဥပဒေ အမှတ် ၃ ကိုဖျက်သိမ်းခြင်း။

၈။ ။ ၁၉၃၈ ခုနှစ်၊ ဥပဒေပြုလွှတ်တော် လစာနှင့် စရိတ်ကြေးငွေများ အက်ဥပဒေ (၁၉၃၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃)ကို ဖျက်သိမ်းသည်။

သို့ရာတွင် ၁၉၄၈ခုနှစ်၊ ဇန္နာဝါရီလ ၄ ရက်နေ့မှစ၍၊ ရယူပိုင်ခွင့်ရှိသော်လည်း၊ အဆိုပါဖျက်သိမ်းသည့် အက်ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်အရ၊ စည်းကမ်းသတ်ကျော်လွန်သည့်အတွက် မထုတ်ယူနိုင်သည့် လစာနှင့် စရိတ်ကြေးငွေများကို၊ အဆိုပါဖျက်သိမ်းသည့် အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုသို့ ရယူပိုင်ခွင့်ရှိသော နေ့ရက်မှစ၍ တနှစ်အတွင်းတွင် ထုတ်ယူပိုင်ခွင့် ရှိသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ တပေါင်းလဆုတ် ၁၅ ရက်။
(၁၉၄၉ခု၊ မတ်လ ၂၈ ရက်။)

အမိန့်အရ၊
ရွှေဘော်၊
နိုင်ငံတော်သမတအတွင်းဝန်။
[အမှတ် ၃၁]